**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

စာအမှတ်၊ တဆပ/နဆရ/၂၀၁၈ ( )
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ရက်

သို့

ပါမောက္ခချုပ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့
ညွှန်ကြားရေးမှူးများအားလုံး(စီမံခန့်ခွဲရေး၊ ကုသရေး၊ ဆေးဝါး/ဥယျာဉ်၊ သု-ဖွံ့)
တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများအားလုံး၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊------။
(မှတ်ချက်။ မိမိလက်အောက်ရှိ ဌာနခွဲများသို့ ဆက်လက်ဖြန့်ဝေပေးပါရန်)
ဆေးရုံအုပ်ကြီး၊ ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်)
စက်ရုံမှူး၊ တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်၊ မန္တလေး)

အကြောင်းအရာ။ **Master of Public Health(Health Administration / Policy) သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်းအား အကြောင်းကြားခြင်းကိစ္စ။**

ရည် ညွှန်း ချက်။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ (၂၈-၈-၂၀၁၈) ရက်စွဲပါ စာအမှတ်၊ ၁(က)(၁)၂၀၁၈(၁၁၈၂၂)ကလရ။

၁။ အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ The Project for Human Resource Development Scholarship (JDS) ပညာသင်ဆုအစီအစဉ်ဖြင့် ဂျပန်နိုင်ငံ၊ Nagasaki University တွင် (၂၀၁၉-၂၀၂၀) ခုနှစ် ပညာသင်နှစ်အတွက် သင်ကြားပို့ချမည့် Master of Public Health (Health Administration/Policy) သင်တန်းသို့ ပညာသင်စေလွှတ် ရန်အတွက် အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ရည်ညွှန်းစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ တိုင်းရင်းဆေးပညာဦးစီးဌာနလက်အောက်ရှိ ဌာနအသီးသီးမှ လျှောက်ထားလိုသူဝန်ထမ်းများသည် ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)မှတဆင့် ပေးပို့လျှောက်ထားနိုင်ပါကြောင်း သိရှိနိုင်ပါရန် ဆက်လက်အကြောင်းကြားအပ်ပါသည်။

**<u>လိုအပ်သောအရည်အချင်းများ</u>**

၁။ လျှောက်ထားသူနှင့် မိဘနှစ်ဦးစလုံးအပြင် ဇနီး/ခင်ပွန်းသည်လည်း နိုင်ငံသားဖြစ်ရပါမည်။ (ဧည့်နိုင်ငံသားနှင့် ပြုနိုင်ငံသားများကိုလည်း လျှောက်ထားခွင့်ပြုပါသည်။)

၂။ လျှောက်ထားသူသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အနည်းဆုံး အမှန်တကယ် အမှုထမ်းသက်(၂)နှစ်ရှိသူဖြစ်ရပါမည်။

၃။ လျှောက်ထားသူသည် M.B.B.S/ B.D.S/ B.N.Sc/ B.Comm.H/ B.Med.Tech/ B.Pharm/ B.M.T.M ဘွဲ့ရရှိထားသူဖြစ်ရပါမည်။

၄။ လျှောက်ထားသူသည် (၁.၄.၂၀၁၉) ရက်နေ့တွင် အသက်(၄၀)နှစ်အောက်ရှိသူဖြစ်ရပါမည်။

၅။ နိုင်ငံခြားတွင် (၆)လနှင့်အထက် သင်တန်းတက်ရောက်ပြီးသူဖြစ်ပါက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး အနည်းဆုံး(၃)လ တာဝန်ထမ်းဆောင်ပြီးသူဖြစ်ရပါမည်။

၆။ သင်တန်းမှပြန်လည်ရောက်ရှိပါက နိုင်ငံ့ဝန်ထမ်းအဖြစ်(၄)နှစ် ပြန်လည်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရပါမည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဒေါက်တာသိန်းဇော်လင်း၊ ညွှန်ကြားရေးမှူး(သု-ဖွံ့))

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန
- ရုံးလက်ခံ/မျှောစာတွဲ

DTM